# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 28, 2025 Volume 95, Number 17


| | |
|---|---|
| ၂၈. ၁၀.၂၀၂၅ | |
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၇.၂၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၁.၅၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၉၄.၄၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၄.၉၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၇၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၁၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၉.၉၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၆၃ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာ သကြားတိုးမြှင့်ထုတ်လုပ်နိုင်ဖို့အတွက် တောင်သူများစိုက်ပျိုးသည့် ကြံအားလုံး ဝယ်ယူကြိတ်ခွဲသွားမည်ဟုဆို



၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၏ ကြံရာသီအချိန်တွင်ပြည်တွင်းရှိသကြားစက်ရုံ၂၉ ရုံအနေဖြင့် သကြားတိုးမြှင့်ထုတ်လုပ်နိုင်ဖို့အတွက် တောင်သူလယ်သမားများ၏ စိုက်ပျိုးထွက်ရှိသမျှကြံအားလုံးကိုဝယ်ယူကြိတ်ခွဲသွားမှာဖြစ်ကြောင်း သကြားစက်ရုံများ၊ ကြံစိုက်တောင်သူများနှင့်စိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူများ အောက်တိုဘာ ၂၅ ရက်နေ့ကနေပြည်တော်မှာတွေ့ဆုံဆွေးနွေးခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရပါတယ်။

အဆိုပါဆွေးနွေးပွဲမှာ တောင်သူများအနေဖြင့် ခုတ်သိမ်းသောကြံများကိုစက်ရုံများသို့ အချိန်နှင့်တစ်ပြေးညီ အလျင်အမြန်သယ်ယူနိုင်ရေး၊သကြားစက်ရုံများနှင့်ကြံစိုက်တောင်သူများ Contract Farming စနစ်ဖြင့် စိုက်ပျိုးဝယ်ယူကြိတ်ခွဲနိုင်ရေး၊ သကြား စက်များ ပြုပြင်မွမ်းမံခြင်း၊ စက်စွမ်းအားမြှင့်တင်ခြင်း၊ ခေတ်မီစက်များဖြင့် ပြောင်းလဲတပ်ဆင်ကြိတ်ခွဲခြင်းဖြင့် သကြားအထွက်နှုန်းတိုးတက်စေရေးနှင့် ထုတ်ကုန်အရည်အသွေးကောင်းမွန်ရေးကို ဦးစားပေးဆောင်ရွက်ရန်လည်း ဆွေးနွေးခဲ့ကြကြောင်း သိရပါတယ်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်လည်း သကြားအထွက်နှုန်းကောင်းမွန်သည့် အရည်အသွေးကောင်းကြံမျိုးများ ဖြန့်ဖြူးပေးခြင်း၊ နည်းပညာပေးခြင်း လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကြံပင်များ၌ အချိုဓာတ်ပြည့်ဝချိန်တွင် မှန်မှန်ကန်ကန်ခုတ်သိမ်းနိုင်ရန်နှင့်ရိတ်သိမ်းချိန်လွန်ကာလလေလွင့်ဆုံးရှုံးနိုင်သည့် အချက်များကိုပါ တောင်သူများ ဂရုပြုလိုက်နာဆောင်ရွက်နိုင်ရေးအသိပညာပေးလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်းလည်း သိရပါတယ်။

ဒါ့ပြင် ကြံပင်၏ အရင်း၊ အလယ်၊ အဖျားတို့၏ အချိုဓာတ်ပါဝင်မှု(Brix)ရာခိုင်နှုန်းကို Hand Refrometer ဖြင့် တိုင်းတာ၍ အချိုဓာတ်အများဆုံးအချိန် ခုတ်သိမ်းရန်နှင့် ကြံခုတ်သိမ်းပြီးပြီးချင်း သယ်ယူကြိတ်ခွဲနိုင်ခြင်းဖြင့် ကောင်းမွန်သည့် သကြား အထွက်နှုန်းရရှိမည်ဖြစ်ကြောင်း၊ ခုတ်သိမ်းချိန်မှန်ကန်စွာဖြင့် သယ်ယူကြိတ်ခွဲရေးလုပ်ငန်းများကိုစနစ်တကျဆောင်ရွက်သွားနိုင်ရန် လုပ်ငန်းရှင်များနှင့် တောင်သူများအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိနေတယ်လို့ သိရပါတယ်။

ကြံရာသီဟာနှစ်စဉ် ဒီဇင်ဘာလမှ ဧပြီလအထိဖြစ်ပြီးပြည်တွင်းမှာကြံစိုက်ပျိုးမှုကို ရှမ်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ၊ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်းနှင့်အနောက်ပိုင်းတို့တွင်အများဆုံးစိုက်ပျိုးကြကြောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင်လည်းစိုက်ပျိုးမှုရှိကြောင်းနှင့်လက်ရှိမှာတစ်နိုင်ငံလုံးအတိုင်းအတာအရ ကြံစိုက်ဧက ၅ သိန်းဝန်းကျင်ရှိနေကြောင်းလည်း သိရပါတယ်။

နိုင်ငံအတွင်း သကြားစက်ရုံပေါင်း ၂၉ ရုံရှိပြီး ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကြံတန်ချိန် ၅,၃၇၉,၅၇၇ တန် ကြိတ်ခွဲနိုင်ခဲ့ကာ သကြားအထွက်နှုန်းအားဖြင့် ၅၄၃,၆၆၃ တန်နှင့် တင်လဲရည် ၂၆၁,၈၉၅ တန် ထွက်ရှိခဲ့ကြောင်း သိရပါတယ်။

**Source : MyanmarFutureNews Agency**

## လက်ရှိဘဏ္ဍာနှစ် အထည်ချုပ်တင်ပို့မှု တိုးတက်လာဟု MGMA ပြော



လက်ရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ရဲ့ ၆ လတာ ကာလအတွင်း ပြည်ပကို အထည်ချုပ်တင်ပို့မှု တိုးတက်လာကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) ကနေ သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကာလတူနဲ့ နှိုင်းယှဉ်ရင် ၉ ရာခိုင်နှုန်း တိုးတက်လာတဲ့အကြောင်း MGMA တာဝန်ရှိသူက ပြောပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အထည်ချုပ်လုပ်ငန်းကို ပြည်ပကနေ ကုန်ကြမ်းသွင်းပြီးပြည်တွင်းမှာ ပြန်လည်ချုပ်လုပ်တဲ့ CMP လက်ခစားစနစ်နဲ့ ဆောင်ရွက်နေတာပါ။

လက်ရှိမှာ MGMA အသင်းဝင် စက်ရုံပေါင်း ၅၂၃ ရုံရှိတဲ့အနက် ၆၀ ရာခိုင်နှုန်းက ဥရောပဈေးကွက်၊ ၂၀ ရာခိုင်နှုန်းက ဂျပန်ဈေးကွက်နဲ့ ကျန် ၂၀ ရာခိုင်နှုန်းက အခြားဈေးကွက်တွေကို တင်ပို့နေတာပါ။

မြန်မာနိုင်ငံကနေ ချုပ်ပြီးအထည်တင်ပို့မှုကို လေ့လာကြည့်ရင် ၂၀၂၂ ခုနှစ်မှာ အများဆုံးတင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေ အများဆုံး ရရှိခဲ့တာကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ အချက်အလက်တွေအရ သိရပါတယ်။

သို့သော်လည်း၂၀၂၃ခုနှစ်မှာ ၁၄ရာခိုင်နှုန်းနဲ့ ၂၀၂၄ ခုနှစ်မှာ ၁၁ ရာခိုင်နှုန်း တင်ပို့နိုင်စွမ်း လျော့ကျခဲ့ကြောင်း သိရပါတယ်။

၂၀၂၄ ခုနှစ်အတွင်း မြန်မာ့အထည်ချုပ်ကဏ္ဍမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ၄၆ ဘီလီယံရရှိခဲ့ပြီး ၂၀၂၃ ခုနှစ်ကထက် ဒေါ်လာ ၇၅၀ သန်းခန့် ဝင်ငွေရရှိမှု လျော့သွားတာကို မှတ်တမ်းတွေအရ သိရပါတယ်။

မြန်မာနိုင်ငံရဲ့ အဓိက ပို့ကုန်တွေဖြစ်တဲ့ ဆန်၊ ပဲ၊ ပြောင်း စတာတွေထဲမှာ CMP စနစ်နဲ့ အထည်ချုပ်တင်ပို့မှုက ပြည်ပတင်ပို့မှုအများဆုံးဖြစ်ပြီး ပို့ကုန်ကဏ္ဍမှာ အတိုးတက်ဆုံးဖြစ်တယ်လို့ သိရပါတယ်။

လာမဲ့ဆယ်စုနှစ်အတွင်း မြန်မာ့အထည်ချုပ်လုပ်ငန်းဟာ လုပ်သားအင်အား ၁ ဒသမ၂ သန်းကနေ ၁ ဒသမ ၆ သန်းအထိ ခန့်ထားနိုင်ပြီး အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံတန်တဲ့ လုပ်ငန်းအဖြစ် ကြီးထွားလာမယ်လို့ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) က လျာထားပါတယ်။

၂၀၂၅ ခုနှစ်မှာတော့ အမေရိကန်ဒေါ်လာ ၅ ဘီလီယံခန့် တန်ကြေးရှိတဲ့ လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်နေကြောင်း MGMA ရဲ့ ၁၀ နှစ်တာ မဟာဗျူဟာအစီအစဉ် (၂၀၂၅-၂၀၃၄) မှာ ဖော်ပြထားချက်အရ သိရပါတယ်။

**Source : BETV Business**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၁-၁၀-၂၀၂၅ မှ ၂၄-၁၀-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၆၉၅,၀၀၀၊ မတ်ပဲ SQ/ RC (2024 Crop) ကျပ် ၂,၉၇၅,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၆၄၀,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၀၀၀ ၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၂,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၁၀,၀၀၀ အသီးသီးဈေး မြင့်တက်ခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၆၆ လုံး (တန်ချိန် ၃၉၈၄) နှင့် ပဲစင်းငုံ Red/ RC(2024 Crop)ကွန်တိန်နာ ၂၀ လုံး (တန်ချိန် ၄၈၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၂၅ လုံး (တန်ချိန် ၆၀၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲကွန်တိန်နာ ၁၅၁ လုံး (တန်ချိန် ၃၆၂၄) လျော့နည်းဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၇,၅၀၀၊ မြားနီ ကျပ် ၈,၅၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၃၁,၀၀၀ ၊ပျော်ဘွယ်မိုးထောင် ကျပ် ၁၁,၀၀၀ နှင့် မြစ်ဝပု(သစ်) ကျပ် ၂၉,၀၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ငရုတ်သီးများဈေးငြိမ်လျက်ရှိသည်။ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ် ပေါင်း ၁၅၀၀ (၃၀,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၀၀( ၁,၅၀၀ ပိဿာ ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၁၂၀၀ (၂၄,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၅၀ ( ၂,၂၅၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၃၀၀ (၆,၀၀၀ ပိဿာ)လျော့နည်းဝင်ရောက်ခဲ့ပြီး ငရုတ်ပုအိတ်ပေါင်း ၅၀( ၇၅၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၅၈၀၀ နှင့် မန်ကျည်းအသား(သစ်) ကျပ် ၉၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာ နှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒိုး) ကျပ် ၆၄၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၀၅၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၆၂၀၀၊ ရေစကြို ထန်းလျက်(သစ်) ကျပ် ၇၅၀၀၊ ကြံသကာ ကျပ် ၅၀၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၂၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာ နှင့် သကြားများဈေးငြိမ် လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၁-၁၀-၂၀၂၅ မှ ၂၄-၁၀-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့်အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့ နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၈၅၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၅၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၀၀၀ ၊

ဆိပ်ဖြူလတ်ချော ကျပ် ၄၅၀ ၊ မုံရွာသစ်ရှယ် ကျပ် ၁၈၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၁၄၅၀ ၊ မုံရွာလတ်သန့် ကျပ် ၉၅၀ နှင့် မုံရွာလတ်ချော ကျပ် ၄၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၅၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၅၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၅၀ ၊ မုံရွာသစ်ရှယ် ကျပ် ၁၀၀၊ မုံရွာလတ်ကြီး ကျပ် ၅၀ နှင့် မုံရွာလတ်သန့် ကျပ် ၅၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၅၀ စီး(၉၀၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၀၅ စီး (၆၃၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၄၅ စီး (၂၇၀,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိ ရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၁၀၀၀၊ အောင်ပန်းထူး -၂ ကျပ် ၃၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၄၅၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၅၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၆၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၂၈၀၀ (၆၄,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ်ရေ ၃၅၀၀ (၁၀၅,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၇၀၀ (၂၁,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့နှင့် တရုတ်မှ အာလူးများနေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း OK ကျပ် ၅၅၀၀၊ အောင်ပန်း S1 ကျပ် ၆၀၀၀၊ အောင်ပန်း S2 ကျပ် ၆၈၀၀ နှင့် တရုတ်အာလူး ကျပ် ၆၇၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း အာလူးများဈေးငြိမ်လျက် ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၂၇ စီး (၁၆၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်လည်း ကားစီးရေ ၂၀ စီး( ၁၂၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၇ စီး(၄၂,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## မိုးမြေပဲများ ရိတ်သိမ်းလျက်ရှိ



မန္တလေးတိုင်းဒေသကြီး ၊ ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက် ဒေသတစ်ခု ဖြစ်သောကြောင့် စပါး၊ ပဲ၊ ပြောင်း၊ နှမ်းသီးနှံမျိုးစုံ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ၄င်းသီးနှံများအနက် မြေပဲသီးနှံကိုလည်း စိုက်ပျိုးကြသည်။

ကျောက်ဆည်ခရိုင်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၌ ၁၉၅၄ ဧက စိုက်ပျိုးထားရှိကြောင်း ၊ ကျောက်ဆည်မြို့နယ်တွင် ၃၀၀ ဧက စိုက်ပျိုးထားရှိပြီး ၁၈၀ဧက ရိတ်သိမ်းပြီးကြောင်း၊ အထွက်နှုန်းအနေဖြင့် ၄၈ ဒသမ ၄၀ တင်း ထွက်ရှိကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရသည်။

မိုးမြေပဲများကိုမတ်လတွင် စတင်စိုက်ပျိုးကြကြောင်း ၊စက်တင်ဘာလလဆန်းမှ စတင်ရိတ်သိမ်းနေပြီဖြစ်ကြောင်း တောင်သူတစ်ဦးထံက သိရသည်။

မြေပဲစိုက်ပျိုးမှုအနေဖြင့် (၁)ကေလျှင် ကုန်ကျစရိတ်အနေဖြင့်မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ၆၀၀,၀၀၀ ကျပ်ဝန်းကျင်ခန့်ကုန်ကျကြောင်း၊ မြေပဲစိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲ၊ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ အထွက်နှုန်းအနေဖြင့် တင်း ၄၀-၄၅ ခန့် ထွက်ရှိခဲ့ကြောင်း၊ မြေပဲဈေးနှုန်းအနေဖြင့် မြေပဲတောင့်(၁)တင်းလျှင် ၃၀,၀၀၀ကျပ် ၊ မြေပဲဆန်တစ်ပိဿာလျှင် ၇၇၀၀ ကျပ် ၊ မြေပဲဆီ ၁ ပိဿာလျှင်၁၈,၀၀၀ကျပ်ဈေးနှုန်းများဖြင့်အရောင်းအဝယ်ဖြစ်နေကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲစားများက ရွာအရောက်ဝယ်ယူမှုများရှိသလို တောင်သူများကလည်း ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချကြောင်း၊ ပွဲရုံများမှတစ်ဆင့် မန္တလေး၊ ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချကြကြောင်း အကျိုးအမြတ်အနေဖြင့် ၆၇၀,၀၀၀ကျပ်ခန့် မြတ်ခဲ့ကြောင်း မြေပဲစိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source : DOCA(မန္တလေး)**

https://www.doca.gov.mm/

## ရုရှားသည် ၂၀၂၅ ခုနှစ်တွင် ရေနံတန်ချိန် ၅၁၀ သန်း ထုတ်လုပ်မည်

ရုရှားနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် ရေနံတန်ချိန် ၅၁၀ သန်းထုတ်လုပ်နိုင်မည်ဖြစ်ပြီး ၎င်းသည် ပြီးခဲ့သည့်နှစ်ကိန်းဂဏန်းများထက် တစ်ရာခိုင်နှုန်းလျော့နည်းသော်လည်း ဆန္ဒအလျောက် လျှော့ချလိုက်ခြင်းဖြစ်ကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က ရုရှားစွမ်းအင်ရက်သတ္တပတ်ဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေးတွင် ပြောကြားခဲ့သည်။

တရားမျှတမှုမရှိသည့်ယှဉ်ပြိုင်မှုယန္တရားများဖြင့် ရုရှားအပေါ် ပြင်းထန်စွာချမှတ်ထားသော်လည်း ရုရှားသည် ထိပ်တန်းရေနံထုတ်လုပ်သူအဖြစ် ဆက်လက်ရပ်တည်နေကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ရေနံထုတ်လုပ်မှု၏ ၁၀ ရာခိုင်နှုန်းခန့်ကို ရုရှားက ပိုင်ဆိုင်ထားပြီး ယခုနှစ်ကုန်တွင် ရေနံတန်ချိန်သန်း ၅၁၀ ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားကြောင်း၊ ယင်းသည် ယခင်နှစ်ထက် ခန့်မှန်းခြေ ၁ ရာခိုင်နှုန်း နိမ့်ကျကြောင်း၊ယင်းသည် OPEC+ သဘောတူညီချက်များနှင့်အညီ ရေနံထုတ်လုပ်မှုကို ဆန္ဒအလျောက် လျှော့ချလိုက်ခြင်းဖြစ်ကြောင်း သမ္မတက မှတ်ချက်ပြုခဲ့သည်။

အမေရိကန်သမ္မတ၏ပြောကြားချက်အရ အိန္ဒိယဝန်ကြီးချုပ် Mr. Narendra Modi သည် ရုရှားထံမှ ရေနံဝယ်ယူမည်မဟုတ်ကြောင်း အာမခံထားမှုနှင့်စပ်လျဉ်း၍ စွမ်းအင်အရင်းအမြစ်များထောက်ပံ့ရေးတွင် အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဟု ယုံကြည်ထားကြောင်း ရုရှားဒုတိယဝန်ကြီးချုပ် Mr. Alexander Novak က ပြောကြားခဲ့သည်။

ယင်းပြင် အိန္ဒိယနှင့်တရုတ်တာဝန်ရှိသူများထံမှ ရုရှားရေနံဝယ်ယူမှုနှင့်ပတ်သက်သည့် တရားဝင်ထုတ်ပြန်ချက်များကို ကရင်မလင်က လိုက်နာဆောင်ရွက်ကြောင်း ရုရှားသမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ Mr. Dmitry Peskov က အမေရိကန်သမ္မတ၏ မှတ်ချက်အပေါ် မှတ်ချက်ပေးပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ရေနံတင်သွင်းမှုတွင် ရုရှားရေနံ၏ ဈေးကွက်ဝေစုသည် ၄၅ ရာခိုင် နှုန်းကျော်ရှိပြီး အကြီးစားရေနံသန့်စင်မှုလုပ်ငန်းများ၏ ၃၅ ရာခိုင်နှုန်းနှင့် အသေးစားရေနံသန့်စင်မှုလုပ်ငန်းများ၏ ၈၀ ရာခိုင်နှုန်းကျော်မှာ ရုရှားမှ တင်သွင်းသည့် ရေနံကုန်ကြမ်းများဖြစ်ကြောင်း သိရသည်။

အစောပိုင်းတွင် ရုရှားနိုင်ငံသည် ၂၀၂၅ ခုနှစ်၌ ရေနံတန်ချိန် ၅၁၈ ဒသမ ၆ သန်းထုတ်လုပ်နိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

**Source : https://tass.ru/ekonomika/25366243**

**(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

https://myantrade.gov.mm/

## ရုရှားသည် အင်ဒိုနီးရှားသို့ စိုက်ပျိုးရေးထွက်ကုန်များ တိုးမြှင့်တင်ပို့ရန် အသင့်ရှိ

ရုရှားနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံသို့ စိုက်ပျိုးရေးထွက်ကုန်များ တိုးမြှင့်တင်ပို့ရန် အသင့်ရှိကြောင်း၊ ရုရှားကုန်စည်တင်ပို့သူများသည် အင်ဒိုနီးရှားဈေးကွက်တွင် ၎င်းတို့၏ဈေးကွက်ကို ရှာဖွေနေကြပြီး ၎င်းတို့၏ထုတ်ကုန်အမျိုးအစားကို တိုးချဲ့ရန် အသင့်ရှိနေကြောင်း၊ ဂျုံကဲ့သို့သော ရိုးရာပို့ကုန်များအပြင် အေးခဲထားသောငါး၊ အသားထွက်ကုန်များ(သိုး၊ နွား၊ ဝက်)၊နံနံစေ့၊ ပြောင်းဆန်၊ နေကြာဆီနှင့် ပဲပိစပ်ဆီများသည်အလားအလာရှိသောကုန်စည်များဖြစ်ကြောင်းဂျကာတာမြို့၌ သီးနှံ တင်ပို့သူများနှင့် ထုတ်လုပ်သူများ၏ စီးပွားရေးမစ်ရှင်အစည်းအဝေးတွင် ရုရှား Agroexport ဗဟိုဌာန၏ အကြီးအကဲ Mr. Ilya Ilyushin က ပြောကြားခဲ့သည်။

ရုရှားမှ အင်ဒိုနီးရှားသို့ တိုးမြှင့်တင်ပို့ရန် အလားအလာရှိသော ကုန်ပစ္စည်းအချို့သည် မြင့်မားသော အကောက်ခွန်များ၊ အကောက်ခွန်မဲ့အတားအဆီးများဖြစ်သည့် ခွဲတမ်း၊ လိုင်စင်နှင့် စီမံခန့်ခွဲရေးဆိုင်ရာ သွင်းကုန်ကန့်သတ်ချက်များဖြင့် ကန့်သတ်မှုများရှိကြောင်း၊ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်(Free Trade Agreements-FTA)အတွက် ဥရောပအာရှစီးပွားရေးသမဂ္ဂ(Eurasian Economic Union-EAEU)နှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား စေ့စပ်ညှိနှိုင်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် ကုန်သွယ်မှုဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့ပေးမည်ဟု ရုရှားတင်ပို့သူများက မျှော်လင့်ထားကြောင်း Agroexport ဗဟိုဌာန၏ အကြီးအကဲက ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် EAEU နှင့် အင်ဒိုနီးရှားတို့အကြား FTA လက်မှတ်ရေးထိုးနိုင်ရန် လျာထားကြောင်း သိရသည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် ရုရှားနိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံသို့ ဂျုံတန်ချိန် ၅၂,၀၀၀ ခန့် ပထမဆုံးအသုတ်အဖြစ် တင်ပို့ထားကြောင်း ရုရှားတိရစ္ဆာန်နှင့်အပင်ပိုးမွှားရောဂါကင်းရှင်းရေးကြီးကြပ် ကွပ်ကဲမှုဖက်ဒရယ်အစိုးရဌာန(Rosselkhoznadzor)က သတင်းထုတ်ပြန်ထားသည်။

အင်ဒိုနီးရှားသို့ တင်ပို့မည့် ရုရှားဂျုံသည် အပင်ကျန်းမာရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်ဖြစ်ကြောင်း၊ ဓာတုဒြပ်စင်များ၊ မှိုဆေးများ၊ ရေဒီယိုသတ္တိကြွပစ္စည်းများ၊ ပိုးသတ်ဆေးကြွင်းကျန်များပါဝင်မှုအပါအဝင် ရုပ်ပိုင်းဆိုင်ရာနှင့် ဓာတုဂုဏ်သတ္တိဆိုင်ရာ ညွှန်းကိန်းများအထိ စုံလင်စွာစစ်ဆေးရန်လိုကြောင်း၊ ဥပမာအားဖြင့် အင်ဒိုနီးရှားဈေးကွက်အတွက် Ochratoxin A ၏ အများဆုံးခွင့်ပြုသည့် ပမာဏမှာ သုည ဒသမ သုညသုညငါး mg/kg သာရှိပြီး နိုင်ငံတကာစံချိန်စံညွှန်းများထက် နှစ်ဆပိုမိုတင်းကျပ်ကြောင်း Rosselkhoznadzor က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်တွင် အင်ဒိုနီးရှားသို့ ရုရှားဂျုံတင်ပို့မှုသည် တန်ချိန် ၁ ဒသမ ၃ သန်းကျော်ရှိပြီး အမေရိကန် ဒေါ်လာ ၃၀၀ သန်းကျော်တန်ဖိုးရှိကြောင်း သိရသည်။

**Source :** **https://seanews.ru/2025/10/17/ru-rossija-vozobnovljaet-jeksport-pshenicy-v-indoneziju/**

**(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

## ထိုင်းဆန်ဈေးနှုန်းများ ၁၈ နှစ်အတွင်း အနိမ့်ဆုံးရောက်ရှိ



ထိပ်တန်းဆန်တင်ပို့သည့် နိုင်ငံများ အနေဖြင့် ဝယ်လိုအားနည်းခြင်းနှင့် ကြုံတွေ့ရချိန်တွင် မည်သည့် အဓိကအရောင်းအဝယ် သဘောတူညီချက်ကိုမဆို ရရှိနိုင်ရန် ကြိုးပမ်းနေရသဖြင့် အိန္ဒိယဆန်ဈေးနှုန်းများသည် ၉ နှစ်အတွင်း အနိမ့်ဆုံးသို့ ရောက်ရှိနေချိန်၌ ထိုင်းနိုင်ငံ၏ ဆန်ပို့ကုန်ဈေးနှုန်းများသည်လည်း ရက်သတ္တပတ် ၅ ပတ် ဆက်တိုက်ကျဆင်းလျက် ၁၈ နှစ်အတွင်း အနိမ့်ဆုံးသို့ ရောက်ရှိခဲ့သည်။

ဆန်ကွဲ ၅ ရာခိုင်နှုန်းပါဝင်သောထိုင်းဆန်ဈေးနှုန်းသည် ၂၀၁၇ ခုနှစ် အောက်တိုဘာလ နောက်ပိုင်းတွင် အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ပြီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၅ မှ ၃၄၀ အထိရှိပြီး ယခင်အပတ်၌ ကိုးကားချက်အရ အမေရိကန်ဒေါ်လာ ၃၄၀ ရှိခဲ့သည်။

ဆန်ဝယ်လိုအားသည် ယခင်ရက်သတ္တပတ်ထက် သိသာစွာကျဆင်းခဲ့ကြောင်း၊ ဝယ်ယူသူများသည် ၎င်းတို့လိုအပ်သည့် ပမာဏကိုသာဝယ်ယူကြကြောင်း၊ထိုင်းဆန်တင်ပို့မှုအတွက်ကြီးကြီးမားမားသဘောတူညီချက်များမရှိသေးကြောင်းနှင့် ရောင်းလိုအားမှာ များပြား လျက်ရှိကြောင်းဖြင့် ကုန်သည်များက ပြောဆိုလျက်ရှိသည်။

ယခုနှစ်တွင် ဆန်တန်ချိန် ၇ ဒသမ ၅ သန်း တင်ပို့နိုင်မည်ဟု မျှော်မှန်းထားသော်လည်း တန်ဖိုးအားဖြင့်မူ ၄၀ ရာခိုင်နှုန်းခန့် ကျဆင်းနိုင်မည်ဟု ထိုင်းဆန်တင်ပို့သူများအသင်းက မကြာသေးမီက သတင်းထုတ်ပြန်ခဲ့သည်။

အိန္ဒိယ၏ ဆန်ကွဲ ၅ ရာခိုင်နှုန်းပါသော ပေါင်းဆန်ဈေးနှုန်းသည် ၂၀၁၆ ခုနှစ် နှစ်လယ်ပိုင်းနောက်ပိုင်း အနိမ့်ဆုံးသို့ ရောက်ရှိနေပြီး ယခင်သီတင်းပတ်ကအတိုင်း တစ်တန်လျှင် ဒေါ်လာ ၃၄၀ မှ ၃၄၅ အကြားနှုန်းထားဖြင့် ပြောင်းလဲမှုမရှိကြောင်း၊ ဆန်ကွဲ ၅ ရာခိုင်နှုန်းပါသော အိန္ဒိယဆန်ဖြူဈေးနှုန်းမှာ အောက်တိုဘာ ဒုတိယပတ်တွင် တစ်တန်လျှင် ဒေါ်လာ ၃၆၀ မှ ၃၇၀ အတွင်း ရှိကြောင်း သိရသည်။

အာရှနှင့် အာဖရိကဝယ်လက်နှစ်ဖက်စလုံး၏ဝယ်လိုအားများသည် နည်းပါးမှုရှိနေပြီးအလျင်စလိုဝယ်ယူခြင်းမပြုကြဘဲ ဈေးနှုန်းများ အောက်ခြေသို့ ရောက်ရှိရန် စောင့်ဆိုင်းနေကြသည်ဟု မွန်ဘိုင်းအခြေစိုက် ဆန်ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

ဗီယက်နမ်၏ ဆန်ကွဲ ၅ ရာခိုင်နှုန်းပါဝင်သော ဆန်ဖြူဈေးနှုန်းသည် အောက်တိုဘာ ၁၆ ရက်နေ့တွင် တစ်တန်လျှင် ဒေါ်လာ ၄၂၀ မှ ၄၃၅ ဒေါ်လာနှုန်းဖြင့် ကမ်းလှမ်းမှုရှိပြီး ယခင်အပတ်၌ ဒေါ်လာ ၄၄၀ မှ ၄၆၅ အတွင်းရှိခဲ့ရာမှ နှစ်လအတွင်း ၎င်း၏ အနိမ့်ဆုံးအဆင့်အဖြစ်သို့ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ်စားသောက်ကုန်အသင်းက ဖော်ပြသည်။

အထူးသဖြင့် ဖိလစ်ပိုင်နိုင်ငံက ဆန်တင်သွင်းမှုဆိုင်းငံ့ခြင်းကို သက်တမ်းတိုးရန် ဆုံးဖြတ်ခဲ့ ပြီးနောက် ဝယ်လိုအားနည်းလျက်ရှိကြောင်း၊ ဆန်တင်ပို့သူများအနေဖြင့် ၎င်းတို့၏ သိုလှောင်မှုကို တိုးမြှင့်ရန်နှင့် ထိုသို့ဆိုင်းငံ့ထားမှုကြောင့် ဖြစ်ပေါ်လာသည့် အရောင်းကျဆင်းမှုကို ကုစားရန် အတွက် ဈေးကွက်အသစ်များ ရှာဖွေရန် အာဏာပိုင်များက တိုက်တွန်း လျက်ရှိသော်လည်း အဆိုပါ အစီအမံများက ဈေးနှုန်းမြင့်တက်လာစေရန် လုံလောက်ခြင်း မရှိကြောင်း ဟိုချီမင်းမြို့အခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်မူ စပါးအထွက်ကောင်းခဲ့သော်လည်း ပြည်တွင်းဆန်ဈေးသည် လွန်ခဲ့သည့်နှစ်ကထက် ၁၅ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

သွင်းအားစုများ ဈေးနှုန်းကြီးမြင့်ခြင်း၊ အလယ်အလတ်အဆင့် ပွဲစားများ၏ ဈေးကွက် ခြယ်လှယ်မှုရှိခြင်း၊ သိုလှောင်မှု၊ ဝယ်ယူမှုနှင့် ဖြန့်ဖြူးမှုတို့တွင် ထိရောက်မှုမရှိခြင်းတို့ကြောင့် ထိုကဲ့သို့ ဆန်ဈေးနှုန်းမြင့်မားခြင်း ဖြစ်သည်ဟု ဈေးကွက်ဆန်းစစ်လေ့လာသူများက ယူဆကြကြောင်း သိရသည်။

**Source:BangkokPost,17October2025**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/

# STOCK EXCHANGE (28.10.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 27th Oct. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,028 (Shares) | 17,286,750 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +100 | +1.18% | 8,500 | 8,600 | 8,500 | 1,126 | 9,571,600 | 33,109,694 | 284,743 |
| MTSH | 00002 | 3,400 | -50 | -1.45% | 3,450 | 3,450 | 3,400 | 470 | 1,598,250 | 38,929,150 | 132,359 |
| MCB | 00003 | 7,800 | -200 | -2.50% | 8,000 | 8,000 | 7,800 | 50 | 392,200 | 10,400,986 | 81,128 |
| FPB | 00004 | 2,200 | -100 | -4.35% | 2,300 | 2,300 | 2,200 | 859 | 1,908,300 | 29,664,613 | 65,262 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 250 | 712,500 | 12,823,224 | 36,546 |
| EFR | 00006 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,800 | 726 | 1,313,800 | 19,977,223 | 36,958 |
| AMATA | 00007 | 3,500 | +0 | +0.00% | 3,500 | 3,500 | 3,500 | 0 | 0 | 10,497,598 | 36,742 |
| MAEX | 00008 | 3,300 | -50 | -1.49% | 3,300 | 3,300 | 3,250 | 547 | 1,790,100 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 27th Oct. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 398.84 | -2.59 | -0.65% | 400.80 | 400.80 | 397.59 | 4,028 | 17,286,750 | 8 | 752,294 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m. 27th Oct. 2025

| Trading Volume | Trading Value |
|---|---|
| 5,523 (Shares) | 21,433,400 (MMK) |

### Main Board

As of 1:00 p.m. 27th Oct. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,028 (Shares) | 17,286,750 (MMK) |

| MYANPIX | 398.84 ▼ 2.59 |
|---|---|
| Total Volume (shares) | 4,028 |
| Total Value (MMK) | 17 mil |
| Listed Company | 8 |
| Market Cap. (MMK) | 752,294 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 100 |
| MTSH | 00002 | 3,400 | ▼ 50 |
| MCB | 00003 | 7,800 | ▼ 200 |
| FPB | 00004 | 2,200 | ▼ 100 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,850 | ▲ 0 |
| AMATA | 00007 | 3,500 | ▲ 0 |
| MAEX | 00008 | 3,300 | ▼ 50 |